# နိုင်ငံတော်အလံဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁။]

## နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်အလံကို ယင်း၏ဂုဏ်ကျက်သရေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စည်းကမ်းတကျအသုံးပြုနိုင်ကြစေရန် ပြည်သူ့လွှတ်တော်သည်အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁

### အမည်၊ စတင်အာဏာတည်သည့်နေ့ရက်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ (က) ဤဥပဒေကို နိုင်ငံတော်အလံဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် နိုင်ငံတဝန်းလုံးတွင် ချက်ချင်းအာဏာတည်ရမည်။

၂။ ဤဥပဒေ၌ နိုင်ငံတော် အလံဆိုသည်မှာ အခြေခံ ဥပဒေပုဒ်မ ၁၉၀ အရ ပြဋ္ဌာန်းသတ်မှတ်ထားသောအရောင်အသွေး၊ အမှတ်အသား၊ ပုံသဏ္ဌာန်၊ အရွယ်အစားအမျိုးမျိုးတို့ ပါဝင်သည့်အလံကို ဆိုသည်။ ထို့အပြင် အဆိုပါစကားရပ်တွင် မည်သည့်အရာဝတ္ထုဖြင့်မဆို ပြုလုပ်သည့်၊ သို့မဟုတ် မည်သည့်အရာဝတ္ထုပေါ်တွင်မဆို ဖော်ပြသည့် မည်သူမဆို သာမန်ကြည့်ရှုဖြင့် သိသာယုံကြည်လောက်အောင် နိုင်ငံတော်အလံသဘောသက်ရောက်သော အလံတခုလုံးဖြစ်စေ၊ အစိတ်အပိုင်းဖြစ်စေ ပါဝင်သည်။

## အခန်း ၂

## နိုင်ငံတော်အလံလွှင့်ထူခြင်း

၃။ နိုင်ငံတော် အလံကို ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတဝန်းလုံးရှိ အစိုးရအဆောက်အဦများ၊နိုင်ငံအသီးသီးရှိ မြန်မာနိုင်ငံသံရုံးများနှင့် အဆင့်ဆင့်သော ကောင်စစ်ဝန်ရုံးများတွင် အောက်ပါနေ့ကြီးရက်ကြီးများ၌ လွှင့်ထူရမည်—

(က) လွတ်လပ်ရေးနေ့ .... (ဇန်နဝါရီလ ၄ ရက်)၊

(ခ) ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီလ ၁၂ ရက်)၊

(ဂ) တောင်သူလယ်သမားနေ့ (မတ်လ ၂ ရက်)၊

(ဃ) တော်လှန်ရေးနေ့ .... (မတ်လ ၂၇ ရက်)၊

(င) အလုပ်သမားနေ့ .... (မေလ ၁ ရက်)၊

(စ) အာဇာနည်နေ့ .... (ဇူလိုင်လ ၁၉ ရက်)၊

(ဆ) နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ ကြေညာသည့် နေ့ရက်များ။

မှတ်ချက်။ ။အာဇာနည်နေ့တွင် နိုင်ငံတော် အလံကိုတိုင်ဝက်သာ လွှင့်ထူရမည်။

F.2

၄။ ပုဒ်မ ၃ တွင် ဖော်ပြထားသည့် နေ့ကြီး ရက်ကြီးများနှင့် နိုင်ငံတော်ကောင်စီက ကြေညာသည့် နေ့ရက်များ၌ နေအိမ်အဆောက်အဦများတွင်လည်းကောင်း၊ ဉပစာများတွင်လည်းကောင်း နိုင်ငံတော်အလံကို လွှင့်ထူနိုင်သည်။

# အခန်း ၃

## တားမြစ်ချက်နှင့် ပြစ်ဒဏ်

၅။ မည်သူမဆို နိုင်ငံတော်အလံနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါတို့ကို မပြုလုပ်ရ—

(က) ခင်းကျင်းဆင်ယင်ပြသရန်အလို့ငှာ နိုင်ငံတော် အလံပေါ်တွင် မည်သည့်စာလုံး၊ ဂဏန်း၊ ရုပ်ပုံစသောအမှတ်အသား တို့ကိုမဆို ရေးသားချယ်လှယ် ပြုလုပ်ထားရှိခြင်း၊ သို့မဟုတ် ထားရှိစေခြင်း၊

(ခ) နိုင်ငံတော် အလံပေါ်တွင် စာလုံး၊ ဂဏန်း၊ ရုပ်ပုံစသော အမှတ်အသား တခုခုကိုပုံနှိပ်၍ အများမြင်သာအောင် ပြသထားခြင်း၊ သို့မဟုတ် ပြသထားစေခြင်း၊

(ဂ) စာလုံး၊ ဂဏန်း၊ ရုပ်ပုံစသော အမှတ်အသား တခုခုကို နိုင်ငံတော်အလံနှင့် ပူးတွဲဆက်စပ်တွယ်ကပ်၍ အများမြင် သာအောင် ပြသထားခြင်း၊ သို့မဟုတ် ပြသထားစေခြင်း၊

(ဃ) ကြော်ငြာရန်၊ မွမ်းမံချယ်လှယ်ရန်၊ ကုန်ပစ္စည်း အမှတ် အသားပြုရန်၊ သို့မဟုတ် ကုန်ပစ္စည်းတခုနှင့်တခု ကွဲပြား

ခြားနားစေရန်၊ နိုင်ငံတော်အလံ၏ ပုံသဏ္ဌာန်ကို ပုံနှိပ်ဆေးခြယ်ပူးတွဲထားရှိသည့်ကုန်ပစ္စည်းတခုခုကိုဖြစ်စေ၊ ကုန်ပစ္စည်းတခုခုကို ထားသိုရာစည်၊ သေတ္တာစသည်များကိုဖြစ်စေ၊ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ရန် အသုံးပြုသည့် အရာဝတ္ထုတခုခုကို ဖြစ်စေ ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ အများမြင်သာအောင် ခင်းကျင်းဆင်ယင် ပြသထားခြင်း၊ လက်ဝယ်ထားရှိခြင်း၊

(င) နိုင်ငံတော်အလံကိုဆုတ်ဖြတ်ဖျက်ဆီးခြင်း၊ အဆင်းသဏ္ဌာန်ပျက်ပြားအောင်ပြုခြင်း၊ ဂုဏ်ကျက်သရေပျက်ပြားအောင် တမင် သက်သက်ပြုခြင်း၊ မလေးမစားပြုခြင်း။

၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက် တခုခုကိုဖြစ်စေ၊ ဤဥပဒေအရပြုသည့်နည်းဥပဒေများပါပြဋ္ဌာန်းချက် တခုခုကိုဖြစ်စေကျူးလွန်သူသည် ခြောက်လထက်မများသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ အပြစ်ပေးခြင်း ခံရမည်။

## အခန်း ၄

### အထွေထွေ

၇။ ပြည်သူ့ လွှတ်တော်သည် နိုင်ငံတော်အလံလွှင့်ထူ အသုံးပြုနိုင်သည့် အဆောက်အဦများ၊ နေရာဌာနများနှင့် လွှင့်ထူ အသုံးပြုရာတွင် လိုက်နာရမည့် အချက်များကိုလည်းကောင်း၊ နိုင်ငံတော် အလံလွှင့်ထူ ကိုင်ဆောင်အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် တားမြစ်ချက် များကိုလည်းကောင်း၊ နိုင်ငံတော်အလံနှင့် စပ်လျဉ်းသည့် အခြားကိစ္စအရပ်ရပ်များကိုလည်းကောင်း နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

၈။ ၁၉၄၈ ခုနှစ်၊ နိုင်ငံတော်အလံ အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။